# အကြမ်းဖက်မြန်မာစစ်အုပ်စု ၏ တရားမဝင် စစ်မှုထမ်းဥပဒေ ကို အမျိုးသမီးအဖွဲ့အစည်းများက ကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ မတ်လ (၈) ရက်။

အကြမ်းဖက်စစ်အုပ်စုက မကြာသေးမီက ထုတ်ပြန်ကြေညာလိုက်သော အတင်းအဓမ္မ ဥပဒေပြု ထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေ အကောင်အထည်ဖော်မှုအစီအစဉ်အား မိမိတို့ အမျိုးသမီး အဖွဲ့အစည်းများနှင့် တန်းတူညီမှု၊ တရားမျှတမှု၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအရေး စည်းရုံးလှုံ့ဆော်သူများ က ပြင်းပြင်း ထန်ထန် ကန့်ကွက်ရှုတ်ချပါသည်။

၂၀၁၀ ပြည့်နှစ်တွင် နအဖ စစ်အစိုးရက အသက် ၁၈ နှစ်မှ ၃၅ နှစ်ကြား အမျိုးသားများနှင့် အသက် ၁၈ နှစ်မှ ၂၇ နှစ်ကြား အမျိုးသမီးများ စစ်မှုထမ်းရမည့် ပြည်သူ့စစ်မှုထမ်း ဥပဒေအား ပြဋ္ဌာန်းခဲ့ပြီး သီခြားကျွမ်းကျင် အတက်ပညာတစ်ခုခု ရှိထားသူများ ဖြစ်ပါက အမျိုးသားဖြစ်လျှင် အသက် (၄၅)နှစ် အထိဝင်း၊ အမျိုးသား၊ သမီးဖြစ်လျှင် အသက် (၃၅) နှစ်အထိဝင်း စစ်မှုထမ်းရမည်ဟု ထပ်တိုးပြဋ္ဌာန်းခဲ့သည်။ အကြမ်းဖက်စစ်အုပ်စု သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) အား တရားမဝင် ဖွဲ့စည်းခဲ့ပြီး အာဏာသိမ်းရန် ကြိုးပမ်းမှုနောက် တိုင်းပြည်၏ ဥပဒေပြုရေးနှင့် တရားစီရင်ရေးစနစ်ရှိ တရားဥပဒေစိုးမိုးမှု အကြွင်းအကျန်များကို ဖျက်ဆီးခဲ့သည်။ ၎င်းနောက် ဤဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် အသက်ဝင်စေခဲ့သည်။ ၎င်းတရားမဝင် ဥပဒေပြုမှုသည် တိုင်းပြည်အဝှမ်း ကျယ်ကျယ်ပြန့်ပြန့် မငြိမ်မသက် ဖြစ်စေခဲ့ပြီး ပြည်သူ (၁၃) သန်းကျော်သည် အဓမ္မစစ်သားစုဆောင်ခြင်း ခံရနိုင်သည့် အန္တရာယ် ကို ရင်ဆိုင်နေရသည်။ တရားမဝင် SAC သည် လူငယ်များ၊ ကလေးများနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်ပေးဆွဲရန် စစ်မှုထမ်းဥပဒေအား အကြောင်းပြချက်အဖြစ် အသုံးချပြီး ဤဥပဒေအား အသက်သွင်း ခြင်းဖြင့် ယင်းလုပ်ရပ်များကို အားဖြည့်နေခဲ့သည်။

ညှာတာမှုကင်းပြီး ယုတ်မာ ကောက်ကျစ်သည့် ဤဥပဒေအား တရားမဝင် SAC က အသက်သွင်း လိုက်ခြင်းသည် ရက်စက်ကြမ်းကြုတ်မှုများကို ပိုမို ကျူးလွန်ရန်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ဆက်လက် ဖြစ်ပွားနေသော အကြမ်းဖက်မှု၊ ဖိနှိပ်မှုနှင့် စစ်ဘောင်ချဲ့မှု သံသရာကို အဓွန့်ရှည်ကြာစေပါသည်။ မြန်မာစစ်တပ်သည် နှစ်ပေါင်းသုံးဆယ်ကျော် အစုလိုက်အပြုံလိုက် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှု များ၊ စစ်ရာဇဝတ်မှုများ၊ လူမျိုးတုံးသတ်ဖြတ်မှုများ၊ လူမျိုးရေးနှင့် ဘာသာရေး လူနည်းစုများ အပေါ် ကျူးလွန်ခဲ့ပြီး မြန်မာနိုင်ငံရှိ ပြည်သူတစ်ရပ်လုံးအပေါ် သုံးနှစ်ကျော်ကြာအောင် ကျူးလွန်နေခဲ့သည်။ ဤဥပဒေသည် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် လူ့အခွင့်အရေး ဥပဒေကို ချိုးဖောက် သည့် နောက်ထပ်လုပ်ရပ်များ တွင် ပြည်သူများအား လူသားဒိုင်းနှင့် အစေခံ ပွန်းရုပ်များအဖြစ် အသုံးပြု

lိုခြင်းဖြစ်ပြီး ဤဥပဒေအားဖြင့် ပြည်သူများအပေါ် ရက်စက်ကြမ်းကြုတ်စွာ အုပ်ချုပ်မှုလုပ်ငန်းကို ချဲ့ထွင်ကြမည်ဖြစ်သည်။

အမျိုးသမီးနှင့် မိန်းကလေးငယ်များသည် ဂျန်ဒါအခြေပြု အကြမ်း ဖက်မှု၊ ခေါင်းပုံဖြတ်မှု နှင့် ခွဲခြားဆက်ဆံမှုများ မကြာခဏ ကြုံတွေ့ရလေ့ရှိသောကြောင့် ဤသို့ အဓမ္မတပ်သား စုဆောင်းမှုကြောင့် ၎င်းတို့အပေါ် ကျရောက်လာမည့် ဂျန်ဒါအခြေပြုကွဲပြားသောသက်ရောက်မှုများနှင့် ဤဥပဒေအားဖြင့် အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်ရသည့် အလေ့အထကိုလည်း သက်ဆိုးရှည်စေနိုင်သဖြင့် အမျိုးသမီး အဖွဲ့အစည်းများ ဖြစ်ကြသည့် မိမိတို့အနေဖြင့် အလွန်စိုးရိမ်သည်။ မြန်မာစစ်တပ်သည် တိုင်းရင်းသားနှင့် ဘာသာရေး လူနည်းစု အမျိုးသမီးများကို တိုက်ခိုက်ရာတွင် မုဒိမ်းကျင့်မှုကို စစ်လက်နက်အဖြစ် ဆယ်စုနှစ် များစွာ အသုံးပြုခဲ့ပြီး အာဏာသိမ်းရန် ကြိုးပမ်းချိန်မှစ၍ နိုင်ငံတဝှမ်းရှိ အကျဉ်းထောင်များနှင့် ပဋိပက္ခ ဖြစ်ပွားရာ ဒေသများတွင် ယင်းလက်နက်ကို ကိုင်ဆောင်ခဲ့သည်။ အတင်းအဓမ္မစုဆောင်းခံရမည့် အမျိုးသမီးများသည် မုဒိမ်းမှု၊ အုပ်စုဖွဲ့မုဒိမ်းကျင့်မှု၊ လိင်ကျွန်ပြုမှုနှင့် အခြားသော ရက်စက် ကြမ်းကြုတ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ အပြင် စစ်တပ်က ကာလရှည်ကြာ ကျူးလွန်ခဲ့သည့် ပဋိပက္ခနှင့် ဆက်နွယ်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ နှင့် ကြုံတွေ့ရမည်ဖြစ်သည်။

အဓမ္မလူသစ်စုဆောင်းခြင်းဥပဒေနှင့် ၎င်းအားစစ်တပ်က အကောင်အထည်ဖော်ခြင်းသည် နိုင်ငံတွင်းရှိပြီးသား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ပိုမိုဆိုးရွားစေမည်ဖြစ်သည်။ နိုင်ငံမှ ထွက်ပြေးရန်မှလွဲ၍ ရွေးချယ်စရာမရှိတော့သည့်အတွက် အမျိုးသမီးများမှာ လူကုန်ကူးမှုနှင့် အခြားပုံစံများဖြင့် ခေါင်းပုံဖြတ်ခြင်းကဲ့သို့သော မရေရာသောလွတ်မြောက်ရေး နည်းလမ်းများကိုသာ မှီခို အားထားလာရန် ချောင်ပိတ်တွန်းပို့ခံရမည်ဖြစ်သည်။ အဓမ္မတပ်သားစုဆောင်းမှုမှ လွတ်မြောက်နိုင်သည့် နည်းလမ်းအလွန်နည်းသောကြောင့် မိဘများနှင့် မိသားစုများသည် အစွန်းရောက်သော ဖြေရှင်းနည်းများကို ရွေးချယ်လာကြကာ အသက်မပြည့်သေးသော သမီးငယ်များကို အိမ်ထောင်ပြုပေးခြင်းနှင့် မသမာသော အကျိုးဆောင်များ သို့မဟုတ် ပွဲစားများမှ တစ်ဆင့် ပြည်ပသို့ပို့ခြင်းများ ဆောင်ရွက်လာကြသောကြောင့် ထိုမိန်းကလေးငယ်များသည် ခန္ဓာကိုယ်အစိတ်အပိုင်း ဖြတ်တောက်ယူခြင်းကဲ့သို့ အဆိုးဆုံး ဖြစ်နိုင်ခြေများ အပါအဝင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် အမြတ်ထုတ်မှု ပုံစံမျိုးစုံဖြင့် ကြုံတွေ့နိုင်သည့်အန္တရာယ်နှင့် ရင်ဆိုင်လာရသည်။ LGBTQI ပြည်သူများသည်လည်း အလားတူ အန္တရာယ် ကြုံတွေ့နိုင်ခြေ ရှိနေပြီး အဓမ္မခိုင်းစေမှု နှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများလည်း ကြုံတွေ့နိုင်သည်။

တစ်ချိန်တည်းမှာပင် အမျိုးသားများက တပ်သားစုဆောင်းခံရပါက အမျိုးသမီးများက အိမ်မှုကိစ္စ တာဝန်များအတွက် အလုံးစုံတာဝန်ယူရုန်းကန်ရမည်ဖြစ်သလို၊ သက်ကြီးရွယ်အိုများ၊ ဖျားနာသူများနှင့် ကလေးများကို ၎င်းတို့ဘာသာ ပြုစုစောင့်ရှောက်ရန် အခန်းကဏ္ဍသို့ကျရောက်ကာ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု ပိုနက်ရှိုင်းစေသော ရိုးရာအစဉ်အလာအရ ရှိနေသည့် ဂျန်ဒါအခြေပြုအခန်းကဏ္ဍ နှင့် ပုံသေ သတ်မှတ်ချက်များကို ပိုအားကောင်းလာစေနိုင်သည်။ ဥပဒေပါ "ကင်းလွတ်ခွင့် ပြဋ္ဌာန်းချက်" ကို ကျင့်သုံးနိုင်ရန် အသက် (၁၇) နှစ်အရွယ် မိန်းကလေးငယ်များ အိမ်ထောင်ပြုခြင်း သိသိသာသာ ပိုများ လာလျက်ရှိပြီး အထူးသဖြင့် ကျေးလက်ဒေသများတွင် ပိုများလာကြောင်း အချက်အလက်များက ညွှန်ပြနေသည်။

၄င်း ဥပဒေတွင် "အိမ်ထောင်ရှင်အမျိုးသမီးများ" များအား "အိမ်ရှင်မများ" ဟု သတ်မှတ်ကာ ကင်းလွတ်ခွင့်များ ပေးထားပြီး ကင်းလွတ်ခွင့် မရသူများထဲတွင် ပါဝင်သော အမျိုးသမီးများဖြစ်သည့် မုဆိုးမများ၊ တစ်ခုလပ်များ နှင့် အိမ်ထောင်မရှိသူများသည် အဓမ္မလုပ်အားခိုင်းစေရန် စုဆောင်းခံရနိုင်သည့် အန္တရာယ်များစွာ ရှိနေသည်။ အိမ်ထောင်သည် အမျိုးသမီးများသည် ဥပဒေအားဖြင့် စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့် ရသော် လည်း အများစုသည် ၎င်းတို့၏ ခင်ပွန်းနှင့် သားသမီးများကို ပိုမိုလုံခြုံမှု ရှိသော နေရာများသို့ သွားရောက်နိုင်ရန်အတွက် ၎င်းတို့၏ ကျွမ်းကျင်အသက်မွေးဝမ်းကြောင်း လုပ်ငန်းများကို စွန့်လွှတ်ကာ ပြည်ပသို့ထွက်ခွာ၍ အိမ်နီးချင်းနိုင်ငံများရှိ ဝင်ငွေနည်းသော အလုပ်အကိုင်များတွင် ဝင်ရောက် လုပ်ကိုင်ရန် ရွေးချယ်နေကြသည်။

၂၀၂၁ ခုနှစ် အာဏာသိမ်းရန် ကြိုးပမ်းမှုမှစ၍ အမျိုးသမီးများ အားလုံးနီးပါးသည် အကြမ်းဖက်စစ်အုပ်စုလက်အောက်တွင် မလုံခြုံမှုနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ကြုံတွေ့ခဲ့ရသည်။ မိခင်များနှင့် ညီအစ်မများသည် ၎င်းတို့၏သား၊ ညီအစ်ကို၊ ခင်ပွန်းနှင့် ဆွေမျိုးသားချင်းများကို စစ်မှုထမ်းရန် အတင်းအကြပ်ခိုင်းစေခံရခြင်း၊ ပြည်တွင်းစစ်တွင် ရှေ့တန်းတိုက်ခိုက်ရေးသမားများအဖြစ် ခိုင်းစေခံရခြင်းနှင့် ပြည်သူများ၏ဆန္ဒကိုဆန့်ကျင်ဆောင်ရွက်ရမည့်အလုပ်များဖြစ်ခြင်း တို့အတွက် ပူပင်သောက ရောက်နေကြရပါသည်။ မြန်မာနိုင်ငံရှိ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အပါအဝင် ရက်စက်ယုတ်မာမှုများနှင့် ရက်စက်ကြမ်းကြုတ်မှုများ ထပ်မံဖြစ်ပွားနိုင်ခြေကို တားဆီးရန် အောက်ပါအချက်များကို မိမိတို့အဖွဲ့အစည်းများက တောင်းဆိုလိုက်ရပါသည်။

၁။ လူငယ်များကို နိုင်ငံရေးညစ်လုံးအတွက် အမြတ်ထုတ်ခြင်းမပြုကြရန် သက်ဆိုင်ရာ အစုအဖွဲ့များအားလုံးကို မိမိတို့ တောင်းဆိုပါသည်။ ရွေးချယ်မှုများသည် မိမိဆန္ဒအလျောက် ဖြစ်ရပါမည်။

၂။ အိမ်နီးချင်းနိုင်ငံများနှင့် ပိုမိုကျယ်ပြန့်သော နိုင်ငံတကာအသိုင်းအဝိုင်းသည် ဂျန်ဒါခွဲခြားသိမြင်တတ်သည့်ပုံစံဖြင့် ဆောင်ရွက်ကြရန်လိုအပ်ပြီး နိုင်ငံတကာ ဒုက္ခသည်များဆိုင်ရာ ဥပဒေပါ အခြေခံမူ

များ အထူးသဖြင့် အဓမ္မပြန်လည်ပို့ဆောင်ခြင်း မရှိစေရေးမှုကို လေးစား လိုက်နာကြရမည်။ မြန်မာနိုင်ငံ မှ ထွက်ပြေးလာသူများ၏ ဘေးကင်းရေးနှင့် အကာအကွယ် ပေးရေးတို့ကို ဆောင်ရွက်ရာတွင် တရားဝင်အခြေအနေနှင့် နိုင်ငံရပ်ခြားတွင် ပညာသင်ကြားရန် သို့မဟုတ် အလုပ်လုပ်ကိုင်ရန် လူငယ်များအတွက် ပြည်ဝင်ခွင့်လျှောက်ထားမှုဖြစ်စဉ် လွယ်ကူချောမွေ့စေရေး နှင့် တတိယနိုင်ငံသို့ ပြန်လည်နေရာချထားရေး လမ်းကြောင်းများအားဖြင့် အာမခံချက်ပေးနိုင်ရန် ကျွန်ုပ်တို့ တိုက်တွန်းအပ်ပါသည်။

၃။ ပြည်တွင်းနှင့် နယ်စပ်ဒေသများရှိ ရွှေ့ပြောင်းနေထိုင်သူများ၊ အမျိုးသမီး နိုင်ငံရေးအကျဉ်းသူများ၊ အမျိုးသမီး CDM သမားများ၊ အမျိုးသမီး တက်ကြွလှုပ်ရှားသူများ၊ တော်လှန်ရေး အင်အားစုများမှ အမျိုးသမီးများနှင့် မြန်မာနိုင်ငံရှိ အခြား ဘေးဖယ်ခံထားရသော အုပ်စုများနှင့် အရေးပေါ် အကူအညီများပံ့ပိုးရေးအတွက် လုပ်ဆောင်နေသော တိုင်းရင်းသား လူနည်းစုများနှင့် အမျိုးသမီး အဖွဲ့အစည်းများ ကို တိုက်ရိုက်နှင့် လိုက်လျောညီထွေရှိသော ပံ့ပိုးကူညီမှုများ ပေးဆောင်ရန် တိုက်တွန်းအပ်ပါသည်။

၄။ လုံလောက်သော နေရေးထိုင်ရေး၊ အသက်မွေးဝမ်းကျောင်းသင်တန်းနှင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ ရရှိနိုင်စေရန် ပြည်တွင်းစစ်ဘေးရှောင်ရွှေ့ပြောင်းနေထိုင်သူများ (IDP) စခန်းများ တည်ထောင်ရန်တို့ အတွက် ရန်ပုံငွေထည့်ဝင်ကြရန် နိုင်ငံတကာအဖွဲ့အစည်းများကို တောင်းဆိုပါသည်။

၅။ အဓမ္မတပ်သားစုဆောင်းမှုဒဏ်ခံရသူများအား ထောက်ပံ့ရန်အတွက် အရေးပေါ်နှင့်နေရာရွှေ့ပြောင်းရန် ရန်ပုံငွေ အရေးပေါ်ထူထောင်ရန် အကြံပြုအပ်ပါသည်။

၆။ နိုင်ငံတကာ ရာဇဝတ်မှုများ ဖြစ်သည့် စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်ကိုကျူးလွန်သည့် ရာဇဝတ်မှု၊ လူမျိုးတုံးသတ်ဖြတ်မှု အပြင် ပဋိပက္ခဆိုင်ရာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအတွက် မင်းအောင်လှိုင် နှင့် အခြား အကြမ်းဖက်စစ်အုပ်စုအဖွဲ့ဝင်များအား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး (ICC) တွင် ရုံးတင် စစ်ဆေးနိုင်ရေးနှင့် ဖမ်းဝရမ်း ထုတ်ပြန်နိုင်ရေး ကြိုးပမ်းချက်များကို ပံ့ပိုးကူညီကြရန် နိုင်ငံတကာ အသိုင်းအဝိုင်းကို ကျွန်ုပ်တို့ တောင်းဆိုသည်။

၇။ နောက်ဆုံးအနေဖြင့် မီးမောင်းထိုးတင်ပြလိုသည်မှာ အကြမ်းဖက် စစ်အုပ်စုသည် နိုင်ငံတော်အစီအစဉ်ဖြင့် ပြုလုပ်သည့် စစ်မှုထမ်းဆင့်ခေါ်ခြင်းကို တရားခွင့်ပြုခြင်းနှင့် အကောင်အထည်ဖော်ခြင်း ဆောင်ရွက်ရန် တရားဝင်လုပ်ပိုင်ခွင့် အာဏာမရှိပါ။ ပြည်သူများသည် NUG ကိုသာ

တရားဝင် အုပ်ချုပ်ရေးအဖွဲ့အဖြစ် အသိအမှတ်ပြုထားကြပြီး NUG ကိုတရားဝင်အသိအမှတ်ပြုခြင်းသည် အခရာကျသောအရာတစ်ခု ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာ အသိုင်းအဝိုင်း အနေဖြင့် NUGနှင့်တကွ ၎င်း၏ မဟာမိတ် တိုင်းရင်း သားလူမျိုးစု လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကာ စစ်အုပ်စု၏ အစုလိုက်အပြုံလိုက် ရက်စက်ကြမ်းကြုတ်မှုများကို ရပ်တန့်နိုင်ရေးနှင့် မြန်မာပြည်သူများကို အကာအကွယ်ပေးနိုင်ရေး အမြန်ဆုံးဆောင်ရွက်ကြရန် မိမိတို့အမျိုးသမီးအဖွဲ့များက တောင်းဆိုလိုက်သည်။

အဖွဲ့အစည်းများ

1. Politics for Women Myanmar
2. Rosy Women’s Union – Dawei
3. Sisters 2 Sisters
4. Spouses of People’s Soldiers
5. Women Advocacy Coalition – Myanmar
6. Women Alliance Burma
7. Women’s League of Burma
8. Women Peace Network